## ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၄၈)

## ပန်းပေါင်းစုံ ဖူးပွင့်ဝေဆာခွင့် ရစေမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တရပ် ပေါ်ထွန်းရေးသို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ စက်တင်ဘာလ (၂၇) ရက်နေ့ ထုတ်ပြန်ကြေငြာချက်မှာ နောက်ဆုံးစါကြောင်းအနေနဲ့ တောင်းဆိုထားတဲ့အချက်ကတော့ နိုင်ငံရေးပါတီများ လွတ်လပ်စွာဖွဲ့စည်း၊ ရပ်တည် လှုပ်ရှားခွင့် ဖြစ်ပါတယ်။ ဒါဟာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်တခုတည်းကိုသာမက နိုင်ငံရေးပါတီများအားလုံးကို ရည်ညွှန်းတယ်ဆိုတာ ရှင်းနေတဲ့အချက်ပါ။ နိုင်ငံရေးပါတီတွေ၊ လူထုအသင်းအဖွဲ့တွေ၊ အားကောင်းကောင်း နဲ့ ဖွဲ့စည်း၊ ရပ်တည် လှုပ်ရှားခွင့် မရှိရင် တိုင်းပြည် တည်ငြိမ်တိုးတက်မှု မရနိုင်ဘူး ဆိုတာကို အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က အလေး အနက်ထားတဲ့ အတွက် ဒီလိုတောင်းဆိုတာ ဖြစ်တယ်လို့လဲ နားလည်ရပါတယ်။

ဒီတောင်းဆိုချက်ဟာ ပါတီမရွေး အဖွဲ့အစည်းများအားလုံးအတွက် ဖြစ်တယ်။ လူမျိုးမရွေး လူမျိုးစုများအားလုံး နဲ့ အကြုံး ဝင်တယ်။ ဒေသမရွေး တပြည်လုံးကို လွှမ်းခြုံတယ်။ ယနေ့ကမ္ဘာမှာရှိတဲ့ နိုင်ငံတိုင်းကို ကြည့်လိုက်ပါ။ နိုင်ငံရေး စနစ် တည်ဆောက်ပုံ တပုံစံတည်း ဖြစ်ခြင်မှ ဖြစ်မယ်။ ဒါပေမယ့် တိုင်းပြည်တည်ငြိမ်တိုးတက်တယ်ဆိုတဲ့ နိုင်ငံတိုင်းမှာ နိုင်ငံရေး ပါတီတွေနဲ့ လူထုအသင်းအဖွဲ့တွေ အားကောင်းကောင်း ဖွဲ့စည်း၊ ရပ်တည်၊ လှုပ်ရှား နိုင်ကြတယ် ဆိုတာကို တွေ့ရမှာပါ။ နိုင်ငံရေးပါတီကြီးတွေ၊ လူထု အသင်းအဖွဲ့ကြီးတွေ တောင့်တောင့်တင်းတင်း ရပ်တည် လှုပ်ရှားနိုင်ခြင်းမရှိဘဲ စစ် ခေါင်းဆောင်တစုက တိုင်းပြည်ကို ဦးဆောင်သွားနိုင်တာကြောင့် ရေရှည် တည်ငြိမ် တိုးတက်မှု ရသွားတဲ့ နိုင်ငံရယ်လို့ကမ္ဘာမှာ တနိုင်ငံမှာမှ မရှိပါဘူး။

စစ်အာဏာသိမ်းမှု ဖြစ်သွားတဲ့ နောက်ခံ အခြေအနေကို မြန်မာနိုင်ငံသမိုင်းမှာ ပြန်ကြည့်ရင် နိုင်ငံရေးပါတီတွေ အားနည်းသွားလို့ ဆိုတာတွေ့ရမှာ ဖြစ်တယ်။ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းမှာ အဓိကရ အခန်းကဏ္ဍကနေ ပါခဲ့တဲ့ ဖဆပလ ကြီး ကွဲပြဲသွားပြီး နိုင်ငံရေးပါတီတွေ အားနည်းသွားတဲ့ အခါမှာ စစ်တပ်အာဏာသိမ်းဘို့အခွင့်အလန်းရခဲ့တာပါ။ ဖဆပလ ဟာ သန့်ရှင်း၊ တည်မြဲရယ်လို့နှစ်ခြမ်းကွဲသွားခဲ့တယ်။ ၁၉၆၀ ခုနှစ် အထွေထွေ ရွေးကောက်ပွဲကြီး အပြီး အာဏာရ ပထစပါတီ အတွင်းမှာ ဦး–ဗိုလ်–နဲ့သခင်အုပ်စုတွေ ဆိုပြီး ထပ်ကွဲကြ ပြန်ပါတယ်။

၁၉၆၂ ခုနှစ် ဇန်နဝါရီလ (၂၇) ရက်နေ့မှာ ကမ္ဘာအေးကုန်းမြေမှာ အာဏာရ ပထစ အဖွဲ့ကြီးရဲ့ပြည်လုံးကျွတ်ညီလာခံကြီး ကျင်းပတဲ့အခါ ပထစအိမ်စေါင့်ကော်မတီ ဥက္ကဋ္ဌကြီးဦးနုက ပထစ အတွင်းအကွဲအပြဲ ကိစ္စကို အောက်ပါအတိုင်း မီးမောင်းထိုးပြသွားခဲ့တယ်လို့ ဝင်းတင့်ထွန်းရဲ့အမှောင်ကြားက ဗမာပြည် ဆိုတဲ့သမိုင်းစါအုပ်မှာ လေ့လာရပါတယ်။

> ဘယ့်နယ့်လဲ ကိုရွှေဦးဗိုလ် နဲ့ကိုရွှေသခင်တို့ တယောက်နဲ့တယောက် အပြန်အလှန် အုပ်နေကြတာ မမောသေးဘူးလား။ ဦးဗိုလ် နဲ့သခင်တို့ရဲ့ ပွဲဟာ အင်မတန်ကြည့်ကောင်းတဲ့ ပွဲဘဲ။ လက်ဝှေ့စကားနဲ့ ပြောရမယ် ဆိုရင်တော့ ဦးဗိုလ်ရော သခင်ရော နှစ်ဘက်စလုံးဟာ ခြေဖျားရော၊ ဖနောင့်ရော၊ ဒူးရော၊ တံတောင်ရော၊ လက်သီးရော၊ ခေါင်းရော၊ မေးစေ့ရော၊ လက်သဲရော ရှိရှိသမျှ အကုန်ထုတ်ပြီးချကြတာဘဲ။ ချကြတာမှ အကြိတ်အနယ်ချကြတာဘဲ။ အဲဒီ တော့ ကိုရွှေဦးဗိုလ်တို့ ကိုရွှေသခင်တို့အတော်မောသွားကြပြီထင်တယ်။ မမောကြသေးဘူးလား။

မြန်မာနိုင်ငံနဲ့အတူ ဗြိတိသျှလက်အောက်ကနေ လွတ်လပ်ရေးကြိုးပမ်းရယူခဲ့တဲ့ အိန္ဒိယနိုင်ငံမှာ လွတ်လပ်ရေး မရခင်ကထဲက ပေါ်ပေါက်လှုပ်ရှားခဲ့တဲ့ နိုင်ငံရေးပါတီကြီးတွေဟာ အခုအချိန်မှာလဲ အားကောင်းကောင်းတည်ရှိဆဲဘဲ ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှာ နိုင်ငံရေး ပါတီကြီးတွေ၊ လူထု အသင်းအဖွဲ့ကြီးတွေက ထိမ်းထားနိုင်တာကြောင့် အင်မတန်အင်အားတောင့်တင်းတဲ့ အိန္ဒိယစစ်တပ်ကြီးဟာ သမိုင်းမှာ တကြိမ်တခါမှ အာဏာသိမ်းနိုင်ခဲ့ခြင်းမရှိဘူး။ နောင်လဲ

စစ်တပ်အာဏာသိမ်းမဲ့ အလားအလာတွေကို မတွေ့ရဘူး။ မြန်မာနိုင်ငံမှာတော့ လွတ်လပ်ရေးရအောင် ကြိုးပမ်းစွမ်းဆောင်ခဲ့တဲ့ နိုင်ငံရေးပါတီကြီးတွေ အနက် ယနေ့ အချိန်မှာ ဗမာပြည်ကွန်မြူနစ်ပါတီ တခုတည်းသာ ကျန်ရှိပါတော့တယ်။ ဒါပေမယ့် အခြေအနေ အကြောင်းကြောင်း ကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီ ဟာ မြေပေါ်မှာ ရပ်တည်လှုပ်ရှားနိုင်ခွင့် မရှိတော့တာကို တွေ့ရတယ်။ ဒို့ဗမာအစည်းအရုံး၊ ဗမာ့ထွက်ရပ်ဂိုဏ်း၊ ပြည်သူ့အရေးတော်ပုံပါတီ၊ ဆိုရှယ်လစ်ပါတီ အစရှိတဲ့နိုင်ငံရေး အင်အားစုကြီးတွေဟာ အခုအချိန်မှာ လုံးဝရှိမနေတော့ပါဘူး။ ၁၉၆၂ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်မှာ ပေါ်ပေါက်ခဲ့တဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဟာလည်း စစ်အာဏာရှင်တစု က တိုင်းပြည် ကို ကြိုးကိုင်ဘို့ ဟန်ပြဖွဲ့စည်းထားတဲ့ ပါတီသာဖြစ်တာကြောင့် ၁၉၈၈ ခုနှစ် ရှစ်လေးလုံး လူထု တိုက်ပွဲ အောက်မှာ သမိုင်းအမှိုက်ခြင်းထဲကို ရောက်သွားခဲ့ရပါတယ်။

ဒီလို မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပါတီတွေရဲ့ သမိုင်းကြောင်းနောက်ခံကနေ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ပေါ်ပေါက်လာခြင်း ဖြစ်ပါတယ်။ ၁၉၆၂ ခုနှစ် စစ်အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံသမိုင်းမှာ တနိုင်ငံလုံး၊ အမျိုးသားထု တရပ်လုံးကို လွှမ်းခြုံတဲ့ အနေအထားကနေ၊ ပေါ်ပေါက်လာတဲ့ လူထုပါတီ အဖြစ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကို နားလည်ကြပါတယ်။ နိုင်ငံရေးပါတီတွေရဲ့ ထုံးစံအတိုင်း အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှာလည်း နိုင်ငံရေး ခြေလှမ်းအမှား၊ နည်းဗျူဟာ အမှားတွေ ရှိကောင်းရှိမှာပါ။ ဒါပေမယ့် ကနေ့အချိန်အထိ နိုင်ငံရေးရပ်တည်ချက် မှန်ကန်တာကို တော့ အသိအမှတ်ပြုဘို့ လိုပါလိမ့်မယ်။

နိုင်ငံရေး ရပ်တည်ချက် မှန်ကန်တယ် လို့ ဘာကြောင့်သုံးသပ်ပြောဆိုပါသလဲ။

(၁) ၁၉၉၀ မေလ ရွေးကောက်ပွဲရလာဒ်ရဲ့ တရားဝင်မှု အပေါ် ပြည်သူလူထုရော၊ နိုင်ငံတကာသာမက နအဖ ကိုယ်တိုင် ကပါ လက်ခံထားခဲ့တာဖြစ်တယ်။ ယနေ့အချိန်အထိလဲ ၁၉၉၀ မေလ ရွေးကောက်ပွဲရလာဒ်ဟာ တရားမဝင်ဘူးရယ်လို့ နအဖ အနေနဲ့ ဘယ်တုံးကမှ ငြင်းဆိုခဲ့ဘူးခြင်းမရှိဘူး။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဟာ အဲဒီ ရလာဒ် အပေါ်အခြေပြုပြီး လွှတ်တော်ခေါ်ပေးဘို့ အဆက်မပြတ်တောင်းဆိုနေတယ်။

(၂) နအဖ ရဲ့ ၂၀၀၈ ခုနှစ် နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ကို စတင်ရေးဆွဲတဲ့ လမ်းကြောင်းကိုက မှားနေတယ်၊ ပြီးတော့ အကြပ်ကိုင်၊ ခြိမ်းခြောက်၊ အလွဲပြော၊ လိမ်လည်လှည့်ဖြား၊ မလျော်သြဇာ သုံးပြီး အဲဒီ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတင်းအကြပ်၊ အတည်ပြုခဲ့တယ်ဆိုတာတွေကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကထောက်ပြနေတယ်။

(၃) နအဖ စီစဉ်ခင်းကျင်းထားတဲ့ မျက်လှည့်ပြပွဲကြီးဖြစ်တဲ့ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကို လက်မခံနိုင်ဘူး ဆိုတာကို အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က ပြတ်ပြတ်သားသား ပြောနေတယ်။

အမျိုးသား ဒီမိုကရေစီ အဖွဲ့ ချုပ်ဟာ နအဖရဲ့ နိုင်ငံရေးမှန်တိုင်းဒဏ် ကို မှန်ကန်တဲ့ ရပ်တည်ချက်အပေါ်ခိုင်ခိုင်မြဲမြဲ ရပ်ရင်း အခက်အခဲတွေ အကြားကနေ ပါတီကို ကျားကုတ်ကျားခဲ ဆက်လက် တည်ဆောက်နေဆဲမှာ ဦးဝင်းတင် ဦးခင်မောင်ဆွေ၊ ဒေါက်တာသန်းငြိမ်းစတဲ့ ထိပ်ပိုင်းခေါင်းဆောင်တွေ ထောင်က ထွက်လာကြပါတယ်။ သား ရွှေအိုး ထမ်းတဲ့ ကိန်းလို့ ဆိုရမှာပါဘဲ။ မြန်မာစကားမှာ **လာခြင်းကောင်းတဲ့ လူကလေး** ရယ်လို့ ဆိုရိုးစကား ရှိပါတယ်။ အနာဂါတ်အတွက် မြော်လင့်ချက်ကောင်းတွေကို ဆောင်ကျဉ်းနိုင်စွမ်းရှိမယ့် သူရယ်လို့ တင်စားပြောဆိုတာပါ။ တကယ်တော့ အနာဂါတ်အတွက် မြော်လင့်ချက်ကောင်းတွေဆိုတာကို လိုခြင်ရင်၊ လိုခြင်တဲ့ ရဟန်းရှင်လူတွေ ကိုယ်တိုင်က ကြိုးစားကြရမှာပါ။ ကြိုးလဲ ကြိုးစားနေကြတယ် ဆိုတာ အားလုံး အသိပါဘဲ။ ဒါဖြင့်ရင် ဒီ ပုဂ္ဂိုလ်ကြီး သုံးဦး ကိုမှ ဘာဖြစ်လို့ **လာခြင်းကောင်းတဲ့ လူကြီးများ** အဖြစ် တင်စားပြောရတာပါလဲ။

အသက်အရွယ်လဲ ကြီးကြလှပြီ။ ဦးဝင်းတင်ဆိုရင် ရှစ်ဆယ်နား ကပ်နေပြီ။ ထောင်ထဲမှာလဲ နှစ်ပေါင်းရှည်ကြာစွာ ကျန်းမာရေး ချို့ချို့တဲ့တဲ့ နဲ့ ဖြတ်သန်းခဲ့ကြရတယ်။ အပြောအဆိုမှားရင် အချိန်မရွေးထောင်ထဲပြန်ရောက်သွားနိုင်

တယ်။ မျက်စိရှေ့မှာတင်ဘဲ ဗိုလ်ကြီးဟောင်း ဝင်းထိန်ကို သည်ကနေ့လွှတ်၊ နောက်တနေ့ပြန်ဖမ်းသွားခဲ့တယ်။ သည်ကြားထဲကနေ ထောင်က ထွက်လာလို့ ရက်ပိုင်းကလေးမှာတင်ဘဲ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က ပေးတဲ့ တာဝန်ကို ဆက်လက်ထမ်းဆောင်သွားမယ်လို့ ကြေငြာသွားကြတာ ကြားသိလိုက်ရပါတယ်။

လူတွေဟာ ဖေါက်ပြန်တတ်တဲ့ အမျိုးမို့ သေမှ ချီးကျူးကြရတယ် လို့ ဆိုရိုးစကား ရှိပါတယ်။ ကျဉ်းထဲကြပ်ထဲ အကြားမှာ အခုလို ပါတီကပေးတဲ့ တာဝန်ကို မဆုတ်မနစ် ဆက်လက် ထမ်း ဆောင်သွားမယ် ဆိုတဲ့ ကြေငြာချက် တခုထဲနဲ့ဘဲ၊ သည်လူကြီး သုံးယောက်ကိုတော့ ဒီမိုကရေစီ သူရဲကောင်းကြီး သုံးဦး အဖြစ် မသေခင်မှာကိုဘဲ ဂုဏ်ဖေါ်ချီးကျူးသင့်ပါတယ်။ အာဏာရှင်တွေရဲ့ဖိနှိပ်မှုအောက်မှာ  နှစ်ရှည်နေခဲ့ရပြီး ပါတီက ပေးအပ်တဲ့ တာဝန်ကို ဦးလည်မသုဉ် ဆက်လက်ထမ်းဆောင်သွားမယ့် ဒီမိုကရေစီ သူရဲကောင်းတွေ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှာ သုံးဦးသာမကဘဲ သုံးဆယ်၊ သုံးရာ စသဖြင့် ရှိလာလိမ့်မယ် လို့ မြှော်လင့်ရပါတယ်။

ဒီ ဆောင်းပါးရဲ့ချည်းကပ်မှုဟာ တကယ်တော့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်တခုတည်းကို ဦးမတည်ပါဘူး။ အာဏာရှင်စနစ်အုပ်ချုပ်မှုအောက်က လွတ်မြောက်အောင် မှန်ကန်တဲ့ရပ်တည်မှု အခြေခံကနေ ကြိုးပမ်းနေကြတဲ့ နိုင်ငံရေးပါတီတွေ၊ လူထု အသင်းအဖွဲ့ တွေအားလုံးကို ရည်ညွှန်းပါတယ်။ လူတဦးခြင်းစီရော လူ့အဖွဲ့အစည်းတရပ်လုံးပါ လွတ်လပ်မှု၊ ငြိမ်းချမ်းမှု၊ တရားမျှတမှု နဲ့ တိုးတက်ဖွံ့ဖြိုးမှု ရှိစေဖို့အတွက် ဖြတ်လမ်းနည်း မရှိပါဘူး။လွတ်လပ်ပြီး အားကောင်းခိုင်မာတဲ့ နိုင်ငံရေးပါတီကြီးတွေ၊ လူထုအသင်းအဖွဲ့ကြီးတွေ အပြိုင်းအရိုင်း ပေါ်ပေါက်လာမှသာ ဖြစ်နိုင်ပါတယ်။ ဒီလို ဖြစ်စေဘို့အတွက် ပါတီတည်ဆောက်ရေး၊ အဖွဲ့အစည်းတည်ဆောက်ရေးဟာ သော့ချက်လို အရေးကြီးလာပါတယ်။ ပါတီတွေ၊ အဖွဲ့အစည်းတွေကိုလဲ ဘယ်လိုလူတွေက တည်ဆောက်တယ် ဆိုတာ အခရာကျလာပါတယ်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့မှန်ကန်တဲ့ရပ်တည်ချက်ကို တန်ဘိုးထားပြီး ပါတီက ပေးအပ်တဲ့ တာဝန်ကိုဦးလည်မသုန် ဆက်လက်ထမ်းဆောင်သွားမယ်ဆိုတဲ့ အိုမင်းမစွမ်းဖြစ်နေတဲ့ ဦးဝင်းတင်လို ပုဂ္ဂိုလ်တဦးကို ဘာရပ်တည်ချက်ကို မှ နားမလည်ဘဲ မိမိခန္ဓာကိုယ်ကို အာဏာရှင်တွေအတွက် အသုံးတော်ခံနေကြတဲ့ လူငယ်လူရွယ် ဦးရေ တသန်းနဲ့မလဲနိုင်ပါဘူး။ ဘာကြောင့်လဲ ဆိုတော့ ဦးဝင်းတင်လို ပုဂ္ဂိုလ်မျိုးတွေ ရှိပါမှ မှန်ကန်တဲ့ ရပ်တည်ချက်အပေါ်မှာ လျှောက်လှမ်းနေကြတဲ့ ပါတီကြီးတွေ၊ လူထုအသင်းအဖွဲ့ကြီးတွေ ခိုင်ခိုင်မတ်မတ် ရှိနိုင်မှာ ဖြစ်ပါတယ်။ အဲသည်လို ပါတီကြီးတွေ၊ လူထု အသင်းအဖွဲ့ကြီးတွေ၊ သူ့အလှသူဆင်ပြီး ဥယျဉ်ထဲမှာ ပန်းပေါင်းစုံ ဖူးပွင့်ဝေဆာနေကြသလို ရှိနေပါမှ ရေရှည်လွတ်လပ်၊ တည်ငြိမ်၊ တိုးတက်တဲ့တိုင်းပြည်အဖြစ် တည်ဆောက်နိုင်မှာမို့ပါဘဲ။ ဒါကြောင့်လဲ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်သာမက ကျန်တဲ့ နိုင်ငံရေးပါတီတွေ၊ လူထုအသင်းအဖွဲ့တွေအားလုံးဟာလည်း မှန်ကန်တဲ့ ရပ်တည်မှု အခြေခံကနေ လူ့အဖွဲ့အစည်းမှာ ကြံ့ကြံ့ခိုင်ခိုင်အားကောင်းကောင်း ရှိကြစေခြင်တယ်။ ဖူးပွင့်ဝေဆာကြစေခြင်ပါတယ်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး နှင့် အချုပ်အခြာအာဏာတည်တန့်ခိုင်မြဲရေး တို့ကိုသာ နိုင်ငံရေးပါတီတွေရဲ့ဦးတည်ချက်အဖြစ်ထားရှိရမယ်ဆိုတဲ့ နအဖ ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေ အောက်မှာတော့ စစ်မှန်တဲ့ နိုင်ငံရေးပါတီတွေ၊ လူထုအသင်းအဖွဲ့တွေဟာ ဘယ်နည်းနဲ့မှ ရှင်သန်ကြီးထွားခွင့် ရမှာ မဟုတ်ဘူး ဆိုတာသေချာလှပါတယ်။ ဒါကြောင့် သည်လို အဓိပ္ပါယ် မရှိတဲ့ပြဌာန်းချက်တွေနဲ့ပြည့်လျှမ်းနေတဲ့ နအဖ ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကို မြေမြှုပ်သုတ်သင်ပြီး ပါတီတွေ၊ လူထုအသင်းအဖွဲ့တွေ အားလုံး ပန်းပေါင်းစုံ ဖူးပွင့်ခွင့်ရစေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တရပ် ပေါ်ပေါက်လာအောင် ကြိုးပမ်းသွားဘို့သာ ရှိတဲ့အကြောင်း တင်ပြရင်းသည်မှာတင်ဘဲ နိဂုံးချုပ်ပါရစေ။